# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 22 , 2025 — Volume 97 , Number 15


## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) ၏ Rice Ambassador ခန့်အပ်မည်ဖြစ်ပြီး ဆန်အကြောင်း သိကောင်းစရာပြိုင်ပွဲပြုလုပ်မည်



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် MRF နှင့် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနများက ပံ့ပိုးကူညီပြီး ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များအသင်းဝင် ဆန်အရောင်းဆိုင်လုပ်ငန်းများပူးပေါင်းပြီး ဆန်အကြောင်း သိကောင်းစရာပြပွဲကို ဒီဇင်ဘာ ၂၄ ရက်နေ့၌ ရန်ကုန် Melia ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် ဆန်အမျိုးစားများ၊ ဆန်အရည်သွေးအမျိုးမျိုးနှင့် အဆင့်အတန်းများ ကုန်အမှတ်တံဆိပ်အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးချက်ပြုတ်နည်းများနှင့်အာဟာရတန်ဖိုးများ အိမ်ရှင်မများကို ဆန်အကြောင်း သိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေနိုင်မည် သံတမန် (Rice Ambassador) များအဖြစ် တာဝန်ပေးအပ်ခြင်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ထားသည့် မြို့နယ်များမှ စိစစ်ရွေးချယ်ထားသည့် အိမ်ရှင်မများ လူငယ်လူလတ်များကို ဆန်အကြောင်း သိကောင်းစရာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး MRF ၏ ဆန်အကြောင်း သိကောင်းစရာများကို လက်ဆင့်ကမ်းမျှဝေပေးမည့် သံတမန်များအဖြစ် တာဝန်ပေးခန့်အပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ သံတမန်များက ၄င်းတို့နေထိုင်သည့် အနီးအနားပတ်ဝန်းကျင် အသိုက်အဝန်းတွင် မှန်ကန်သည့် ဆန်အကြောင်း သိကောင်းစရာများကို ဆက်လက်လက်ဆင့်ကမ်းမျှဝေနိုင်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကနေ သိရသည်။

**Source: Popular News Journal**

၂၂-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၃.၇၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၆.၈၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၇.၂၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၇၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၄.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း 	၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် 	၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေး၌ မြစ်သဲကျောက် ဈေးကျဆင်း



လတ်တလော ပွင့်လင်းရာသီ ရောက်ရှိလာတဲ့အတွက် မြစ်သဲ၊ ကျောက်စရစ်ဈေးနှုန်းတွေ ကျဆင်းလာတယ်လို့ မကွေးမြို့နယ် အုတ်၊ သဲ၊ ကျောက် လုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။

အရင် မိုးရာသီကာလက သဲတစ်ကျင်းကို အိမ်အရောက်ပို့ နှစ်သောင်းကျပ်၊ ကျောက်စရစ် တစ်ကျင်းကို ခြောက်သောင်းကျပ် ဈေးရှိခဲ့ပြီး လက်ရှိ ပွင့်လင်းရာသီမှာတော့ အိမ်အရောက်ပို့ သဲတစ်ကျင်းကို ကျပ်တစ်သောင်းခွဲ၊ ကျောက်စရစ် တစ်ကျင်းကို ငါးသောင်း ငါးထောင် ကျပ်လောက်သာရှိတော့တယ်လို့ သိရပါတယ်။ မြစ်သဲ၊ ကျောက်စရစ် ဈေးနှုန်းတွေ ကျဆင်းနေပေမဲ့ အရောင်းအဝယ်ကတော့ ပါးနေတယ်လို့ မကွေးမြို့နယ် အုတ်၊ သဲ၊ ကျောက် လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးမြင့်ကျော်က ပြောပါတယ်။

အုတ်၊ သဲ၊ ကျောက်လုပ်ငန်းရှင်တွေအနေနဲ့ မကွေးမြို့နယ်တွင်းမှာတော့ အိမ်အရောက်ပို့စနစ်နဲ့ တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။အခုလို ပွင့်လင်းရာသီမှာ ဆောက်လုပ်ရေး လုပ်ငန်းသုံး မြစ်သဲ၊ ကျောက်တွေ ဈေးကျဆင်းလာပေမဲ့ အုတ်ဈေးကတော့ ပုံမှန်အတိုင်းရှိနေပြီး အုတ်တစ်လုံးကို ငွေကျပ်(၂၈၀)ကနေ (၃၀၀) ကျပ်ဈေးအတွင်းမှာ ရှိနေတယ်လို့သိရပါတယ်။

**Source:** https://onenewstvchannel.com/business/

## ၈ လအတွင်း ပြည်ပသို့ ပုစွန်တန်ချိန် ၇၀၀၀ ကျော်တင်ပို့ထား



မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့လျက်ရှိရာ ယခု ဘဏ္ဍာနှစ် (၈)လတာ ကာလအတွင်း ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၇၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ (၈)လတာ ကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၇၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ယင်းမှ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့လျက် ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပုစွန်တန်ချိန် ၉,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source: Popular News Journal**

## အာလူးဈေးပြန်လည်ကျဆင်းလာ




ပြည်တွင်းအာလူးဈေး ပြန်လည်ကျဆင်းလာကြောင်း ရှမ်းကုန်စိမ်းရောင်းချသူများထံမှ သိရသည်။ ဈေးကွက်တွင် ယခုနှစ်ထွက်သော ရှမ်းဘား အကြော်သီး အာလူးအမျိုးအစားများမှာ မနှစ်ကနဲ့ယှဉ်ပါက အရည်အသွေး မကောင်းသည့် ပြဿနာများကြုံခဲ့ရပြီး အာလူးဈေးများကျဆင်းလာခြင်း ဖြစ်ကြောင်း ကုန်သည်များ၏ သုံးသပ်ချက်များအရ သိရပါသည်။

"အရည်သွေးမကောင်းတာက ဒီနှစ် မိုးတအားများခဲ့တာဘဲ၊ ပြီးရင် သက်တမ်း မရင့်ခင်ပဲ တူးတာစောလို့ဖြစ်တာပါ။ ဒီနှစ်မိုးများလို့ အပင်ညှိုးတာများတော့ တူးတာ စောတယ်။ အကြော်သီးတွေက ရောဂါကျတဲ့အာလူးကိုကြော်ရင် အာလူးကြော်

အရည်အသွေးမကောင်းဘူး။ အရောင်မလှ၊ အညိုကွက် မီးကျွမ်းတဲ့ အဆင်းအစက်ပြောက်တွေတွေ့ရတယ်။ ဒါ့ကြောင့် ကြော်ပြီးရောင်းတဲ့သူတွေအတွက် အဆင်မပြေဖြစ်ကြတယ်''ဟု ရှမ်းပြည်နယ်အောင်ပန်းမြို့မှ အာလူးစိုက်ပျိုးရောင်းချသူ တစ်ဦးက ပြောပါသည်။

လက်ရှိ ရှမ်းပြည်နယ် အောင်ပန်းမြို့တွင် မားကစ် S-2/S-3 တစ်ပိဿာလျှင် ၆၀၀၀ ကျပ်၊ မျက်နီ S-1/ S-1 တစ်ပိဿာလျှင် ၅၀၀၀ ကျပ်၊ မျက်နီ S1 OK အာလူး တစ်ပိဿာလျှင် ၄၅၀၀ ကျပ် ထိသာရှိတော့ကြောင်း သိရပါသည်။ ပြီးခဲ့သည့် အပတ်ဖြင့်ယှဉ်ပါက အာလူးအမျိုးအစားအလိုက် တစ်ပိဿာ ၁၀၀၀ မှ ၁၅၀၀ နီးပါးဝန်းကျင်ခန့် ကျဆင်းသွားကြောင်း ဈေးကွက်အရ သိရပါသည်။

အာလူးမှာ လက်ကားဈေးကျဆင်းလာသော်လည်း လက်လီဈေးကွက်မှာတော့ အမြင့်ဈေးတွင် ရှိနေသေးကြောင်း ရန်ကုန်မြို့နေသူ အိမ်ရှင်မများထံမှ သိရသည်။ “ အခု အာလူးဈေးက ကောင်းနေတယ်။ မဝယ်စားနိုင်ဘူး။ အသားဈေးနားကပ်နေပြီး၊ အရင်က အသားအများကြီးမစားနိုင်လို့ အာလူးနဲ့ ရောချက်ကြတယ်။ အခုကတော့ အာလူး ဝယ်မစားနိုင်လို့ အသားနဲ့ ရောရမလို ဖြစ်နေပြီ “ ဟု သင်္ဃန်းကျွန်းမြို့နယ်မှ အိမ်ရှင်မတစ်ဦးကပြောသည်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ရှမ်းအာလူး (အောင်ပန်း)တစ်ပိဿာ ၃၃၀၀ မှ ၄၇၀၀ ကျပ် ကြားရှိပြီး တစ်ပိဿာကို ၅၀၀ နီးပါးကျဆင်းသည်။ တရုတ်အာလူးက ၅၅၀၀ မှ ၅၈၀၀ ကြား ရှိပြီး တစ်ပိဿာကို ၃၀၀ နီးပါး ဈေးကျဆင်းသည်။

လက်ရှိ အာလူးစိုက်တောင်သူများ အနေဖြင့် မျိုးအာလူးရရှိရန် အခက်အခဲရှိနေပြီး ပြည်တွင်း၌ တစ်သျှူးကာချားနည်းဖြင့် မျိုးအာလူးများ ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်းလည်း သိရသည်။

လက်ရှိ နောင်တရားဒေသပတ်ဝန်းကျင်၌ စိုက်ပျိုးသည့်အာလူးမျိုးများကို နယ်သာလန်၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ ဝယ်ယူစိုက်ပျိုးကြရပြီး မျိုးအာမခံချက်နှင့် လမ်းခရီးအခက်အခဲများကိုလည်း ကြုံတွေ့နေရသည့်အတွက် အဆင်မပြေမှုများရှိကြောင်းလည်း သိရပါသည်။

မြန်မာနိုင်ငံတွင် အာလူးကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကြပြီး ရေသွင်းစိုက်ပျိုးသည့် ရေအာလူးနှင့် ကုန်းတွင်းပိုင်းမှာ စိုက်ပျိုးသည့် မိုးအာလူးဟူ၍ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

**Source: AMIA**

http://download.htwettoe.com/

## ပဲ၊ နှမ်းဈေးကွက် ပို့ကုန်ပဲများနှင့် နှမ်းမျိုးစုံ ဈေးမြင့်တက်ခြင်းမရှိ ဆက်လက်အဝယ်သွက်နေ



ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် နှမ်းမျိုးစုံတို့မှာ ပို့ကုန်သမားများ အဝယ်သွက်နေသော်လည်း ဈေးမြင့်တက်ခြင်းမရှိ ဆက်လက်အဝယ်သွက်နေကြောင်း ကုန်သည်များထံမှသိရသည်။

နှမ်းမျိုးစုံမှာ အမျိုးအစားအလိုက် ဈေးမြင့်တက်ခြင်း မရှိသော်လည်း တရုတ်ပို့ကုန်သမားများ ခပ်သွက်သွက်ဝယ်ယူလျက်ရှိသည်။

ဒီဇင်ဘာလဆန်းပိုင်းထဲက ပို့ကုန်ဆိုင်ရာ မူဝါဒအပြောင်းအလဲကို မျှော်လင့်ပြီး ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်သွက်နေရာ ဒီဇင်ဘာ ၁၇ ရက်တွင် ပို့ကုန်ပဲစင်းငုံနှင့် နှမ်းနက်များကို ပို့ကုန်ဝယ်လက်သမားများ ဝယ်လိုအားကောင်းနေကြောင်း ပြည်တွင်းသုံးကုလားပဲဈေးကွက်မှာ ပုံမှန်ဈေးကွက်သာရှိပြီး မြေပဲဆီဆန်မှာ ပဲခွဲစက်များ ဝယ်လိုအားကောင်းနေပြီး ပဲဖတ်ဈေးမှာလည်း ပြန်လည်မြင့်တက်လျက်ရှိကြောင်း၊ တိရစ္ဆာန်အဖြစ် ပဲယင်းကိုဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။ “ပို့ကုန်ပဲတွေကတော့ လက်ရှိပေါက်ဈေးနဲ့ အဝယ်ကောင်းနေပါတယ်။ တရုတ်ပို့မယ့် နှမ်းနက်လည်း ဈေးမတက်ပေမဲ့ အဝယ်သွက်နေပါတယ်။ မြေပဲဆန်ဈေးကွက်ကလည်း ပဲဖတ်ဈေးတက်တော့ ဆီစက်ပိုင်တွေ ဝယ်လိုအားကောင်းနေပါတယ်။ ပဲမာလိုင်းထဲက ပဲယင်းကို တိရစ္ဆာန်အစာအဖြစ် ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိပါတယ်” ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၇,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၇,၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၁၈ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၆၀၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၇၈၀,၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀,၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ်၂၇၀,၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ် လျှင် ငွေကျပ် ၃၂၅,၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၁၈ ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၃၅,၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၈၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄,၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀-၇၁၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကြက်သွန်နီဈေးကွက် အနည်းငယ်မြင့်တက်လာ



မိုးရာသီတွင်စိုက်ပျိုးသည့် ကြက်သွန်နီများ ဈေးကွက်ဝင်လာချိန်တွင် အရည်သွေးကောင်းသည့် ကြက်သွန်နီများဈေး အနည်းငယ်မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကြက်သွန်နီဈေးသည် ပြည်တွင်းဈေးသာမက ပြည်ပသို့ရောင်းချသည့်ဈေးပါ အပြောင်းအလဲများရှိနေပြီး ပြည်ပတင်ပို့သည့် ကြက်သွန်နီဈေးမှာ အရည်အသွေးကောင်းသည့် အမျိုးအစား FOB တစ်တန်လျှင် ဒေါ်လာ (၃၁၅/၃၂၅) မှ (၃၃၀/၃၄၀) သို့ ဈေးပြောင်းသွားပြီး အရည်အသွေးညံ့သည့် အမျိုးအစားများက တစ်တန်လျှင် ဒေါ်လာ (၁၅၅/၁၆၅) မှ (၁၃၀/၁၄၀) သို့ ပြောင်းလဲသွားကြောင်း သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နေ့စဉ် ကြက်သွန်ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ပိဿာချိန် (၁၅၀,၀၀၀) ဝန်းကျင်ရှိပြီး ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ လက်ကားဈေးမှာ ဆိတ်ဖြူ (သစ်) ရှယ် တစ်ပိဿာလျှင် (၁,၈၀၀) ကျပ် မှ (၂,၂၀၀) ကျပ်၊ မြင်းခြံ (သစ်) ရှယ် တစ်ပိဿာ (၁,၈၀၀) ကျပ်မှ (၂,၂၀၀) ကျပ် ၊ မုံရွာ (သစ်) ရှယ် တစ်ပိဿာ (၁,၉၀၀) ကျပ် ဈေးဖွင့်ထားကြောင်း သိရသည်။

ထို့ပြင် မုံရွာမြို့အနီးရှိ ကျေးရွာများမှ ကြက်သွန်စိုက်တောင်သူများသည် ထွက်ရှိသောကြက်သွန်များကို မုံရွာမြို့ရှိ ကြက်သွန်ပွဲရုံများသို့ ပေးအပ်ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေ၊ ပခုက္ကူနှင့် ကချင်ဒေသများသို့ တင်ပို့ရောင်းချပြီး ဘင်္ဂလားဒေ့ရှ်နှင့်တရုတ်နိုင်ငံသို့လည်း တင်ပို့ရောင်းချမှုများလည်းရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ပေါင်းဆန်နှင့်ဆန်ဖြူကို ဥရောပဈေးကွက်တင်ပို့ရန် စာချုပ်ချုပ်ထားပြီ




ဥရောပဈေးကွက်သို့ ဆန်တင်ပို့ရာတွင် စပိန်နိုင်ငံက မြန်မာ့ဆန်ကို အများဆုံးဝယ်ယူသည့်နိုင်ငံဖြစ်ပြီး ပိုလန်နိုင်ငံက ဒုတိယအများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်သည်။

ဥရောပနိုင်ငံများသို့ ပေါင်းဆန်နှင့် ဆန်ဖြူ ၅ ရာခိုင်နှုန်း (၅မှတ်ဆန်)ကို တင်ပို့ရန် စာချုပ်များ ချုပ်ဆိုထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများ အသင်းမှ အသိပေးထားသည်။

မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ ၆ ဒသမ ၂ mm အသွယ်ပေါင်းဆန်နှင့် ဆန်ဖြူ ၅ မှတ်ဆန်ကို ဇန်နဝါရီလတွင်တင်ပို့ရန် စာချုပ်ထားသည်ဟု ဆိုထားသည်။ "ဒါကသတင်းကောင်းပါ။ တရုတ်အဝယ် ခဏရပ်ချိန်မှာ ဈေးကွက်အထိန်းဖြစ်နိုင်တာပေါ့"ဟု ဆန်ကုန်သည်တစ်ဦးကပြောသည်။

ဥရောပဈေးကွက်သို့ ဆန်တင်ပို့ရာတွင် စပိန်နိုင်ငံက မြန်မာ့ဆန်ကို အများဆုံးဝယ်ယူသည့်နိုင်ငံဖြစ်ပြီး ပိုလန်နိုင်ငံက ဒုတိယအများဆုံးဝယ်ယူသည့်နိုင်ငံဖြစ်သည်။

ယခုဘဏ္ဍာနှစ် (၂၀၂၆ ဧပြီမှ နိုဝင်ဘာအထိ) ၈ လတွင်း ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၇,၀၀၀ ကျော်တင်ပို့ထားပြီး ပြည်ပဆန်တင်ပို့မှုစုစုပေါင်း၏ ၁၇ ရာခိုင်နှုန်းရှိနေသည်။

ယခုဘဏ္ဍာနှစ် ၈ လအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၉ သိန်းကျော် တင်ပို့ထားသည်။ ပြည်ပဆန်တင်ပို့မှု စုစုပေါင်းတွင် တရုတ်နိုင်ငံက ၄၀ ရာခိုင်နှုန်းကျော်ပါဝင်ပြီး ဘဏ္ဍာနှစ် ၈ လအတွင်း ဆန်တန်ချိန် ၄၇၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။

ထို့ကြောင့် တရုတ်နိုင်ငံမှ ဆန်လိုင်စင်အသစ် မရှိသေးဘူးဆိုသည့် သတင်းများပေါ်ထွက်လာချိန် ပြည်တွင်းဈေးကွက်တွင် export ဆန်ဈေးများ အနည်းငယ် အားနည်းလာသည်။

တရုတ်နိုင်ငံသည် နှစ်စဉ် မြန်မာနိုင်ငံမှ ဆန်တင်သွင်းရန် လိုင်စင်အသစ်များကို နှစ်သစ်ကူးပွဲတော်အပြီးမှသာ ချထားပေးလေ့ရှိသည်။

**Source: AMIA**

**အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်။**

https://greenwaymyanmar.com/posts/crop_market_information_dec_22_2025

## ၂၀၂၆ ခုနှစ်၌ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းမှ ၃ ဒသမ ၈ သန်းအထိ ဖိလစ်ပိုင် တင်သွင်းရဖွယ်ရှိ



ပြည်တွင်းဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှ စံချိန်တင်ထွက်ရှိနိုင်မည်ဟု ခန့်မှန်းချက်နှင့်အတူ ၂၀၂၆ ခုနှစ်၌ ဆန်တင်သွင်းရမည့် ပမာဏသည်လည်း တန်ချိန် ၄ သန်းအောက်သို့ လျော့ကျဖွယ်ရှိကြောင်း၊ လက်ရှိကာလတွင် ဆန်တင်သွင်းမှု ယာယီဆိုင်းငံ့ထားခြင်းကို ဇန်နဝါရီ ၁ ရက်နေ့၌ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သို့သော် ယခင်နှစ်တွင် ဈေးနှုန်းများကြီးမြင့်နေမှုကို ထိန်းသိမ်းနိုင်ရေးအတွက် သွင်းကုန်အခွန်အား ၁၅ ရာခိုင်နှုန်းသို့ လျှော့ချထားပေးခဲ့ခြင်းကို ၂၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက ဒီဇင်ဘာ ၁၆ ရက်နေ့တွင် ထုတ်ဖော် ပြောကြားခဲ့ပါသည်။

အဆိုပါထုတ်ပြန်ချက်၌ ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းထား တိုးမြှင့်ရခြင်းသည် များစွာသော အကြောင်းအချက်များကို ထင်ဟပ်လျက်ရှိကြောင်း၊ မကြာသေးမီကဖြစ်ပေါ်ခဲ့သော ပီဆိုငွေကြေး တန်ဖိုးကျဆင်းမှုနှင့် ကမ္ဘာ့ဆန်ဈေးကွက်သို့ ဖိလစ်ပိုင်နိုင်ငံက ပြန်လည်ဝင်ရောက်ချိန်တွင် ဈေးနှုန်းများမြင့်တက်လာရန် အလားအလာရှိမှု စသည့်အချက်များ အပါအဝင်ဖြစ်ကြောင်းဖြင့် စိုက်ပျိုးရေးအတွင်းဝန် Francisco Tiu Laurel Jr. က ပြောဆိုထားသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် စက်တင်ဘာလမှစတင်၍ ၄ လကြာ တင်သွင်းမှုဆိုင်းငံ့ထားခဲ့သဖြင့် ယခုနှစ် ဆန်တင်သွင်းမှုမှာ ၂၀၂၄ ခုနှစ်၌ စံချိန်တင်တင်သွင်းခဲ့သည့် တန်ချိန် ၄ ဒသမ သန်းအောက်သို့ များစွာလျော့နည်းလျက် တန်ချိန် ၃ ဒသမ ၅ သန်း ခန့်သာရှိနိုင်မည်ဟု ခန့်မှန်းရသည်။ ပြည်တွင်းရှိ လယ်သမားများအတွက် သင့်တင့်မျှတသော စပါးဈေးနှုန်းများရရှိမှု သေချာအောင် ဆောင်ရွက်နေချိန်၌ စားသုံးသူများအတွက်လည်း လက်ခံနိုင်ဖွယ်ရာ ဆန်ဈေးနှုန်းဖြစ်အောင် ထိန်းသိမ်း ထားနိုင်ရေး ဆန်တင်သွင်းသည့်ပမာဏကို စီမံခန့်ခွဲရန် နည်းလမ်းရှာဖွေလျက်ရှိသည်ဟု စိုက်ပျိုးရေးဌာနက ပြောဆိုထားသည်။

ယခင်နှစ်၌ ပြည်တွင်းဈေးနှုန်းများ ကြီးမြင့်မှုနှင့် စားသောက်ကုန်ဈေးနှုန်းဖောင်းပွမှုများကို ထိန်းသိမ်းနိုင်ရန် ဆန်တင်သွင်း မှု အပေါ် အကောက်ခွန်ကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ အစိုးရက လျှော့ချခဲ့သည်။

လယ်သမားများ၏စပါးရောင်းချမှုဈေးနှုန်းများအပေါ် ထိခိုက်မှုမရှိစေပဲ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ကိုဖြည့်ဆည်း နိုင်အောင် ၂၀၂၆ ခုနှစ်၌ တင်သွင်းရမည့်ဆန်ပမာဏသည် တန်ချိန် ၃ ဒသမ ၆ သန်းမှ ၃ ဒသမ ၈ သန်းအကြားရှိနိုင်ကြောင်း၊ ပြည်တွင်း၌ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်၌ စံချိန်တင်နိုင်ခဲ့သော တန်ချိန် ၂၀ ဒသမ ဝ၆ သန်းကို ကျော်လွန်လျက် ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၂၀ ဒသမ ၃ သန်းအထိထွက်ရှိပြီး စံချိန်အသစ်တင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ဌာနအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဆန်တင်သွင်းသူများနှင့်တွေ့ဆုံလျက် တင်သွင်းရမည့်ပမာဏကိုချိန်ညှိရန် အစီအစဉ်များချမှတ် နိုင်ရေး ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက ပြောကြားထားသည်။

အဆိုပါဌာန၏ ပြောကြားချက်အရ စိုက်ပျိုးရေးလုပ်ငန်းဗျူရိုသည် ယခုနှစ်ကုန်ပိုင်း၌ ဆန်တင်သွင်းမှု ပြန်လည်စတင်ခြင်း မပြုမီတွင်ပင် တိရစ္ဆာန်နှင့်အပင် ကျန်းမာရေးနှင့်ပိုးမွှားကင်းစင်မှုဆိုင်ရာ သွင်းကုန်ရှင်းလင်းမှု (SPSIC) လက်မှတ် လျှောက်ထား ခြင်းကို လက်ခံဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များအပေါ် ငွေကြေးလည်ပတ်မှု ဖိအားမဖြစ်ပေါ်စေရေး အတွက် ၎င်း SPSIC လက်မှတ်ထုတ်ပေးရာ၌ ၁၀ ရာခိုင်နှုန်း ကြိုတင်ငွေပေးသွင်းရခြင်းကိုလည်း ဖယ်ရှားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အစိုးရသည် လိုအပ်ပါက ဈေးကွက်အတွင်း ဝင်ရောက်ထိန်းကျောင်းမှုကို လုပ်ဆောင်နိုင်ရန် အတွက် Food Terminal Inc. ကဲ့သို့သော အစိုးရအေဂျင်စီများလက်ဝယ်၌ အရန်ထားရှိမည့် ဆန်တန်ချိန် ၅၀,၀၀၀ အပါအဝင် စုစုပေါင်းဆန်တန်ချိန် ၅၀၀,၀၀၀ ခန့်တင်သွင်းရန် ခွင့်ပြုမိန့်များထုတ်ပေးမည်ဖြစ်သည်။ နွေစပါး စတင် ရိတ်သိမ်းချိန်၌ စပါးဈေးနှုန်းများအပေါ် ဆိုးကျိုးသက်ရောက်မှု မရှိစေရေးအတွက် ထိုသို့တင်သွင်း ခွင့်ပြုသည့်ဆန်များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလလယ် နောက်ဆုံး ထား၍ ဖိလစ်ပိုင်ပြည်တွင်းသို့ ရောက်ရှိစေရမည်ဖြစ်သည်။ ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများအတွင်း ဆန်တင်သွင်း ခြင်းကို သတ်မှတ်ထားသည့် ဆိပ်ကမ်း ၁၇ ခုမှ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

စိုက်ပျိုးရေးအတွင်းဝန် Tiu Laurel က ဆန်တင်သွင်းရာတွင် ဗီယက်နမ်နိုင်ငံတစ်ခုတည်းအပေါ် မှီခိုခြင်းမပြုပဲ ကမ္ဘောဒီးယား၊ မြန်မာနှင့် အခြားသော သမားရိုးကျ ဆန်တင်ပို့ခြင်းမရှိသည့် နိုင်ငံများထံမှဖြန့်ကျက်၍ ရယူတင်သွင်းရန် သွင်းကုန် လုပ်ငန်းရှင်များသို့ တိုက်တွန်းထားသည်။ ၂၀၂၄ ခုနှစ်၌ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းကို ထပ်တိုးတင်သွင်းခဲ့ခြင်းနှင့် ယခုနှစ်၏ အစောပိုင်းကာလများတွင် ၎င်းဆန်များ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်ခဲ့ခြင်းတို့ကြောင့် စပါးဈေးနှုန်းများကျဆင်းမှုကို ဖြစ်ပေါ်စေပြီး လယ်သမားများ၏ ဝင်ငွေရရှိမှုအပေါ် ဆိုးကျိုးသက်ရောက်ခဲ့ကြောင်း ၎င်းကပြောဆိုခဲ့သည်။

၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်အနေဖြင့် ဆန်တန်ချိန် ၅ ဒသမ ၅ သန်းခန့်အထိ တင်သွင်းရဖွယ်ရှိသည်ဟု အမေရိကန် စိုက်ပျိုးရေးဌာန၏ ခန့်မှန်းချက်ထုတ်ပြန်ထားခြင်းနှင့်ပတ်သက်၍ ထိုကဲ့သို့ ပမာဏများပြားလာဖွယ်မရှိကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဌာနက ပြောကြားခဲ့သည်။

**Source: Manila Times, 17 Dec 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/60714

# STOCK EXCHANGE (22.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Dec. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,612 (Shares) | 43,398,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,600 | 8,500 | 965 | 8,215,100 | 33,109,694 | 281,432 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,600 | 3,650 | 3,600 | 6,288 | 22,641,850 | 38,929,150 | 142,091 |
| MCB | 00003 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 256 | 2,022,500 | 10,400,986 | 82,168 |
| FPB | 00004 | 2,400 | +50 | +2.13% | 2,400 | 2,400 | 2,350 | 1,240 | 2,970,000 | 29,664,613 | 71,195 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 145 | 449,500 | 12,823,224 | 39,752 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 905 | 1,463,150 | 19,977,223 | 32,962 |
| AMATA | 00007 | 3,800 | -50 | -1.30% | 3,800 | 3,800 | 3,800 | 200 | 760,000 | 10,497,598 | 39,891 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,000 | 1,613 | 4,876,550 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 22nd Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.67 | -1.80 | -0.44% | 404.47 | 405.27 | 402.82 | 11,612 | 43,398,650 | 8 | 763,286 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 23rd Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,528 (Shares) | 16,729,850 (MMK) |

| MYANPIX | 405.49 ▲ 0.82 |
|---|---|
| Total Volume (shares) | 5,528 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 764,821 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,450 | ▲ 50 |
| TMH | 00005 | 3,100 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,900 | ▲ 100 |
| MAEX | 00008 | 3,100 | ▲ 0 |